# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

April 2, 2019 Volume 18, Number 2


၂.၄.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၈၇ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၄၀၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၁/ကျပ် |
| CBM Rate | = ၁၅၁၁.၆/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၉၃.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၄.၇ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၇၂.၉ကျပ် |
| သြစတြေးလျတစ်ဒေါ်လာ | = ၁၀၆၉.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၄.၈၂ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၈၇၈ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၂.၉၆ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၀.၁၃ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၇.၅၆၅ကျပ် |

Source: CBM Rate, SFJ Journal

## ပြည်တွင်းဘဏ်ချင်း Mobile Payment စနစ် ၂၀၂၀ တွင် အပြီးဆောင်ရွက်မည်ဟုဆို

ပြည်တွင်းဘဏ်များ အချင်းချင်းဆက်သွယ်ဆောင်ရွက်နိုင်မည့် မိုဘိုင်းဖုန်းသုံး ငွေပေးချေမှုစနစ် (Mobile Payment) ကို ၂၀၂၀ တွင် အပြီးသတ်ဆောင်ရွက်မည်ဟု ဗဟိုဘဏ်ညွှန်ကြားရေးမှူးချုပ် ဒေါ်မြင့်မြင့်ကြည်က ပြောသည်။ အဆိုပါအစီအစဉ်သည် ဗဟိုဘဏ်ကဆောင်ရွက် သည့် တစ်နိုင်ငံလုံးအသုံးပြုမည့် ငွေပေးချေမှုစနစ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်ဟု ၎င်းကဆိုသည်။

အဆိုပါ ငွေပေးချေမှုနစ်ကို ဂျပန်နိုင်ငံအကူအညီဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး အပိုင်း (က) တွင် ဗဟိုဘဏ်နှင့် ပုဂ္ဂလိကဘဏ်ချင်း ငွေလွှဲပြောင်းခြင်းတို့ဖြစ်သည်။ ဒုတိယပိုင်းတွင် ပြည်တွင်းဘဏ်အချင်းချင်းငွေလွှဲပြောင်းနိုင်ရန်ဖြစ်သည်ဟုဆိုသည်။ လက်ရှိတွင် ပြည်တွင်း၌ အသုံးပြုနေသော ငွေပေးချေမှုအချို့သည် တရားဝင်မဟုတ်သော်လည်း ဗဟိုဘဏ်က အရေးယူနိုင်ခြင်းမရှိသေးဘဲ တွေ့ဆုံ ဆွေးနွေးပြီး လမ်းကြောင်းမှန်ရောက်ရေးသာဆောင်ရွက်နိုင်သည်ဟု ၎င်းကဆိုသည်။

ဗဟိုဘဏ်က ငွေပေးချေမှုနှင့် ပတ်သက်ပြီးဘတ်စ်ကားစီးရန် သယ်ယူပို့ဆောင်ရေးကတ် ငါးခု၊ ဗဟိုဘဏ်နှင့် ပြည်တွင်းဘဏ်များကြား ဆောင်ရွက်သည့် MPU ကတ်၊ Credit ကတ် ငါးခု၊ Union Pay, JCB, VISA, Master ကတ်များ ခွင့်ပြုထားသည်။ ထို့အပြင် မိုဘိုင်းငွေပေးချေမှုအတွက် Wave Money, M-pitsan, Internet Wallet, Mytel စသည်တို့ကို ခွင့်ပြုထားသည်။ မိုဘိုင်းဘဏ်လုပ်ငန်းအတွက် ပြည်တွင်းဘဏ် ၁၀ ခုကိုလည်း ဗဟိုဘဏ်က ခွင့်ပြုထားသည်။

Source: http://www.7daydaily.com/story/153594

## ယခုဘဏ္ဍာနှစ်အတွင်း ပဲတန်ချိန်ငါးသိန်း အိန္ဒိယဝယ်မည်

အိန္ဒိယအစိုးရက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း မြန်မာ့ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲတီစိမ်းတန်ချိန်ငါးသိန်းကို ဝယ်ယူမည်ဖြစ်ကြောင်း မတ် ၃၀ ရက်က အိန္ဒိယနိုင်ငံသက်ဆိုင်ရာဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံမှ မတ်ပဲတန်ချိန် တစ်သိန်းခွဲ၊ ပဲတီစိမ်းတန်ချိန် တစ်သိန်းခွဲနှင့် ပဲစင်းငုံတန်ချိန် နှစ်သိန်းတို့ကို ယခုဘဏ္ဍာနှစ်အတွင်း ဝယ်ယူမည်ဖြစ်သော်လည်း မည်သည့်အချိန်မှစ၍ မည်သည့်အချိန် နောက်ဆုံးထားတင်သွင်းရမည်ကို ထုတ်ပြန်ထားခြင်းမရှိသေးကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှအတွင်းရေးမှူး ဦးမင်းကိုဦးကပြောသည်။

ဒီနှစ်လဲ သူတို့မူဝါဒကို ထပ်ထုတ်ပြန်တဲ့သဘောပဲ။ ဘယ်ရက်ကစပြီး တင်သွင်းလို့ ဘယ်ရက်နောက်ဆုံးထားပြီး တင်သွင်းရမယ်ဆိုတာမျိုးသူတို့ရဲ့ လုပ်ထုံးလုပ်နည်း တွေကတော့ မပါလာသေးဘူး။မနှစ်ကတော့ ဖွန်လကထွက်တယ် ထွက်ပြီးနောက်ပိုင်း ဆက်တိုက်

## CONTACT US


ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com

ပါလာတာ အခုလဲ နောက်ဆက်တွဲတော့ ပါလာမယ်လို့ထင်ကြောင်းဎင်းကပြောသည်။ ယခင်နှစ်က အိန္ဒိယနိုင်ငံသို့ ပဲတင်သွင်းရာတွင် ဆန်စက်သမားများကိုသာ အဓိကထားခွင့်ပြုခဲ့ပြီးယခုနှစ်တွင် ဆန်စက်များအပြင် ဝယ်ရောင်းများကိုပါ ခွင့်ပြုပေးခဲ့ခြင်း ဖြစ်ကြောင်းသိရသည်။

ယခင်ရက်များက မတ်ပဲ ၁တန်ကို ၇၁၀၀၀၀ ခန့် နှင့် ပဲစင်းငုံ ၁ တန်ကို ၈ သိန်းခန့်ရှိခဲ့ရာမှ ယင်းကဲ့သို့ ထုတ်ပြန်လိုက်ခြင်းကြောင့် ဧပြီလ ၁ ရက်တွင် မတ်ပဲ ၁တန်ကို ၇၄၀၀၀၀ ခန့် ပေါက်ဈေးရှိခဲ့ပြီး ပဲစင်းငုံ ၁ တန်လျှင် ၈၄၀၀၀၀ ခန့် ပေါက်ဈေးရှိခဲ့သည်ဟုဆိုသည်။ မထုတ်ပြန်ခင်ကလဲ မတ်ပဲက ၇သိန်းဝန်းကျင်လောက် ပဲစင်းငုံက ၈သိန်းဝန်းကျင်လောက်ရှိတယ်ဆိုတာက ပြည်တွင်းမှာ လက်ကျန်နည်းတဲ့အတွက်ရော ဝယ်လိုအားသူ့ဟာသူ အထိုက်အလျောက်ရှိတဲ့အတွက် ပဲဈေးက သူ့ဟာသူထိန်းပေးနေတာပါ။ ဒီရက်ထဲမှာ ထုတ်ပြန်လိုက်တော့ ဝယ်လိုအားများလာတဲ့အတွက် အနည်းငယ်ထပ် တက်လာကြောင်း ဦးမင်းကိုဦးကပြောသည်။

ပဲစင်းငုံထွက်ရှိမှုသည် ယခင်နှစ်များက နှစ်စဉ် ပုံမှန် တန်ချိန် ၂ သိန်းခွဲခန့် ထွက်ရှိရာမှ ယခုနှစ်တွင် တစ်နိုင်ငံလုံးအတိုင်း အတာအနေဖြင့် ပဲစင်းငုံမှာ တန်ချိန် ၅ သောင်းခန့်ဖြင့် ၃၀ ရာခိုင်နှုန်းခန့်သာ ထွက်ရှိမည်ဟု ခန့်မှန်းထားပြီး မတ်ပဲမှာ ပုံမှန် နှစ်စဉ်တန်ချိန် ၆သိန်းကျော်ထွက်ရှိရာမှ ယခုနှစ်တွင် တန်ချိန် ၃ သိန်းကျော်ခန့်သာ ထွက်ရှိမည်ဟု ခန့်မှန်း ထားကြောင်းသိရသည်။ အိန္ဒိယမှ ပဲစင်းငုံနှင့်မတ်ပဲဝယ်ယူမှုကို ၂၀၁၇ ခုနှစ် ဩဂုတ်မှ ၂၀၁၈ မတ်လကုန်အထိ ရပ်ဆိုင်းလိုက်ခြင်းကြောင့် ပြည်တွင်း ပဲဈေးနှုန်းများကျဆင်းခဲ့ပြီး အိန္ဒိယအစိုးရက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း မြန်မာ့ပဲစင်းငုံတန်ချိန် နှစ်သိန်း၊ မတ်ပဲတန်ချိန် တစ်သိန်းခွဲနှင့် ပဲတီစိမ်းတန်ချိန် တစ်သိန်းခွဲတို့ကို ပြန်လည်ဝယ်ယူခဲ့သည်။

**Source:** https://www.facebook.com/kope.aung?ref=br_rs

## ဧည့်မထ ရက် ၉၀ ဆန်ကို အခြေခံဈေး သတ်မှတ်ဝယ်ယူမည်

ဧည့်မထ ရက် ၉၀ ဆန်အား ဝယ်ယူသူမရှိပါက အခြေခံဈေး တစ်အိတ်လျှင် ၁၉၅၀၀ ကျပ်ဖြင့် မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းက သတ်မှတ်ဝယ်ယူပေးမည်ဖြစ်ကြောင်း ယင်းအသင်း၏ ဥက္ကဋ္ဌ ဦးအောင်သန်းဦးကပြောသည်။ ယင်းကဲ့သို့ ဝယ်ယူခြင်းကို အသင်း၏ ရံပုံငွေဖြင့် ဧပြီလ ၈ ရက်မှစတင်၍ အဆိုပါဈေးနှုန်းဖြင့် ဝယ်ယူသွားမည်ဖြစ်သည်။ ဈေးကွက်မရှိလို့ ရောင်းမရဘူးဆိုရင် ဆန်သား ၉၀နဲ့ အစိုဓါတ် အထားခံတဲ့ ၁၄ ဒသမ ၅ အစိုဓါတ်ပါဝင်တဲ့ဆန်ကို ဆန်တစ်အိတ်ကို ၁၉၅၀၀ကျပ်နဲ့ အခြေခံဈေး သတ်မှတ်ပြီးတော့ ဝယ်ယူသွားဖို့ ဒီနေ့ဆွေးနွေးပွဲမှာ ဆုံးဖြတ်တာဖြစ်ပါတယ်။ အသင်းမှာရှိတဲ့ ရံပုံငွေရယ် အသင်းသားတွေထည့်ဝင်တဲ့ ငွေတွေဆုပေါင်းပြီးတော့ ဝယ်ယူဖို့အတွက် အသင်းသားတွေက ငွေထည့်ဝင်ထားတာရှိပါတယ်။ ဒီငွေတွေနဲ့ ဝယ်ယူသွားမှာဖြစ်ပါတယ်ဟု ဎင်းကပြောသည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အပါအဝင် မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းကလည်း အထွက်တိုးပြီး အရည်အသွေးကောင်းသည့် ဆန်များကို တောင်သူများအနေဖြင့် တိုးချဲ့စိုက်ပျိုးရန် အားထုတ်ခဲ့သည့်အတွက် တောင်သူများမှာစိုက်ပျိုးထုတ်လုပ်မှုများခဲ့ကြောင်းသိရသည်။

ယင်းကဲ့သို့ စိုက်ပျိုးထုတ်လုပ်မှုများခဲ့သော်လည်း ပြည်တွင်းဆန်ကုန်စည်ဒိုင်များမှာ ရက် ၉၀ ဆန်အား ဝယ်ယူမှုနည်းသွားသည့်အတွက် ဈေးကွက်ထဲတွင် ကျသင့်သည့် ဈေးနှုန်းထက် ပိုမိုကျဆင်းလျက်ရှိနေသည်ဟုဆိုသည်။ အချို့ကုန်သည်တွေကလည်း ဈေးထပ်ကျဦးမယ်ဆိုပြီ မဝယ်ကြသေးတာ၊ မဝယ်ရဲသေးတာတွေရှိတဲ့အတွက် ၁၉၅၀၀ကျပ်ကို အနိမ့်ဆုံးဈေး သတ်မှတ်လိုက်တာဖြစ်တယ်။ ဈေးကွက်တစ်ခုလုံးကို ထိန်းချုပ်ဝယ်ယူဖို့ မဟုတ်ဘူး။ အသင်းက အခြေခံဈေးသတ်မှတ်ပြီဆိုရင် ဒီထက်ကျစရာမရှိတော့ဘူးဆိုပြီး ဈေးကွက်ထဲမှာ ဝယ်လိုအားကောင်းလာမယ်။ သူတို့လည်းရဲရဲကြီး ဝယ်နိုင်မယ်" ဟု ဦးအောင်သန်းဦးက ပြောသည်။

ရက် ၉၀ ဆန်အား ဝယ်ယူမှု နည်းသွားသည့်အတွက် ဈေးကွက်ထဲတွင် ကျသင့်သည့်ဈေးနှုန်းထက် ပိုမိုကျဆင်းနေခြင်းမျိုး မဖြစ်စေရန် ထိုသို့ အခြေခံဈေးနှုန်းတစ်ခု သတ်မှတ်ခြင်းသည် ဈေးကွက်ကို ထိန်းကျောင်းပြီးသားအနေအထားဖြစ်သွားမည်ဖြစ်ပြီး ယင်းရက် ၉၀ ဆန်များကို လာမည့် ၆ လပိုင်းအထိ ဝယ်ယူပေးသွားမည်ဖြစ်ကြောင်းသိရသည်။ တောင်သူတွေအနေနဲ့ ဈေးနှုန်းလေးတစ်ခု သတ်မှတ်တဲ့အတွက် အတော်လေး အဆင်ပြေပါတယ်။ ဆန်ဈေးက လယ်လောက်ထိကျမလဲ ဘယ်လိုဖြစ်မလဲဆိုတာ သို့လော သို့လောတွေဖြစ်နေတာကြောင့် ဒီလိုသတ်မှတ်လိုက်တဲ့အတွက် အခြေခံဈေးလေးတစ်ခု သတ်မှတ်လို့ရသွားတာ။ ဒါကြောင့် စပါးဈေးလည်း ၅သိန်းအောက်ကို မကျနိုင်တော့ဘူး။ အခုလို ဈေးကွက်ကို မဖော်ဆောင်နိုင်ဘူးဆိုရင် လာမယ့်နှစ်ကို ဘယ်လိုစပါးမျိုး

စိုက်ရမယ်ဆိုတာ ဝေဝါးစရာတွေဖြစ်လာမှာကို ဆိုးတဲ့အတွက် ဝယ်ယူပေးခြင်းဖြစ်ပါတယ်ဟု ဝါးတန်းကုန်စည်ဒိုင်၏ တွဲဖက်အတွင်းရေးမှူး ကိုဇော်ခိုင်ကပြောသည်။

ပြည်တွင်းဆန်ဝယ်ယူသူ မရှိဟုသောသတင်းကြောင့် နိုင်ငံခြားဝယ်လက်များမှ ဈေးနိမ်ဝယ်ယူရန် စောင့်ကြည့်ခံနေရသည့် အနေအထားရှိနေကြောင်း ဦးအောင်သန်းဦးကပြောသည်။ မြန်မာ့ဆန်လုံးရှည်ကို ဥရောပသမဂ္ဂက အခွန်ပြန်လည် ကောက်ခံခြင်းနှင့် မူဆယ်-တရုတ်နယ်စပ် ဆန်အဝယ်နည်းနေခြင်းတို့ကြောင့် ပြည်တွင်း၌ ဆန်လက်ကျန်များ အမြောက်အများရှိနေသည့်အတွက် ပြည်တွင်းဆန် ဈေးကွက်မှာလည်း အကျဘက်သို့ ဦးတည်နေသည်ဟုဆိုသည်။

**Source:** https://www.facebook.com/fifthwavenews/

## ကြက်သွန်နီပိဿာချိန် လေးသိန်းခန့် ဝင်ရောက်၍ ဈေးနှုန်းနိမ့်နေ၊ မြစ်ဝကျွန်းပေါ် ဧရာတ်ရှည် ဈေးနှုန်းစတင်ကျဆင်းလာ

မတ်လ ၂၇ ရက်အထိ ဘုရင့်နောင် ကုန်စည်ဒိုင်ဖွင့်ရက် ရက်ပေါင်း ၂၀ တွင် နယ်စုံ ကြက်သွန်နီ ပိဿာချိန် ၄၄၄၀၀၀ ဝင်ရောက်လာရာ ပျမ်းမျှ ဒိုင်ဖွင့်ရက် တစ်ရက်တွင် ကြက်သွန်နီ ပိဿာချိန် ၂၂၂၀၀၀ ဝင်ရောက်လာသည်။ မတ်လ ၂၅ ရက်နေ့တွင်မူ ပိဿာချိန် ၃၉၀၀၀၀ အထိ ဝင်ရောက်မှုများလာသည်။ ထိုသို့ ရန်ကုန်ဈေးကွက်သို့ နယ်စုံကြက်သွန်နီ အဝင်များလာသည့်အတွက် ဝယ်လိုအားနည်းနေဆဲရှိ၍ ဈေးနှုန်းမှာ အနိမ့်တွင်ရှိနေဆဲဖြစ်သည်။ မတ်လ ၂၆ ရက်တွင် ဆိပ်ဖြူ လက်ကား တစ်ပိဿာ ၃၀၀-၅၀၀-၅၂၅-၅၂၅ ကျပ်၊ မျိုးမွား ၄၀၀-၅၀၀-၅၂၅-၅၂၅ ကျပ်၊ မြစ်သား ၅၂၅-၆၇၅-၇၅၀-၆၅၀ ကျပ်၊ မြစ်သား (ထိပ်စ) ၅၅၀-၈၀၀-၈၅၀-၇၀၀ ကျပ်နှုန်းဈေးနှုန်း အသီးသီးရှိသည်ဟု ဈေးကွက်မှ သိရသည်။ ရန်ကုန် ဈေးကွက်သာမက နယ်စပ်ပို့ ဈေးနှုန်းများမှာလည်း နယ်စပ် ဈေးတစ်ပိဿာ ၃၉၅-၄၀၀ ကျပ်နှုန်း ဝန်းကျင်သာ ရှိသည်။

ဈေးနှုန်းနိမ့်နေသော်လည်း နယ်စပ်မှတစ်ဆင့် တင်ပို့မှု ပမာဏများနေဆဲရှိသည်။မတ်လ ၆ ရက်မှ ၁၂ ရက်အထိ မူဆယ်မှ ကြက်သွန်နီ တန်ချိန် ၁၉၄၀ တင်ပို့ခဲ့ပြီး မတ်လ ၁၃ ရက်မှ ၁၉ ရက် အထိတွင်မူ ၂၃၈၈ ဒသမ ၅ တန်ထိ ပိုမို တင်ပို့ခဲ့သည်။ ရန်ကုန်ဈေးကွက်သို့ ရက်သတ္တပတ်အတွင်း ပျမ်းမျှကြက်သွန်နီပိဿာချိန် ၁၀ သိန်းဝန်းကျင်၊ နယ်စပ်ကုန်သွယ်ရေးစခန်းများအနက် မူဆယ်ကုန်သွယ်ရေး စခန်းတစ်ခုတည်းမှပင် ပိဿာချိန် ၁၀ သိန်း ဝန်းကျင်စီ မတ်လ၊ တတိယပတ်အထိတင်ပို့ခဲ့ရာ ကြက်သွန်နီဝယ်လိုအားရှိ၍ ဈေးကွက်နှစ်ခုသို့ ရက်သတ္တပတ်အတွင်း ကြက်သွန်နီပိဿာချိန် သိန်း ၂၀ ဝန်းကျင်ထိ တင်ပို့မှုအား များပြားသော်လည်း ဈေးနှုန်းအနိမ့်တွင်သာ ရှိနေဆဲဟု သိရသည်။ ရန်ကုန်ဈေးကွက်သို့ ဆင်ဖြူကျွန်းအာလူး ဝင်ရောက်မှုများသကဲ့သို့ နယ်စပ်မှ တရုတ်အာလူးများ တွဲကားများဖြင့် ဝင်ရောက်နေဆဲရှိသည်။ နယ်စပ်မှလာသည့် လမ်းကြောင်းရှည်ပြီး အိတ်ခွံအပိတ်များဖြင့် ထည့်သွင်းလာ၍ ရန်ကုန်ဈေးကွက်တွင် အာလူးအိတ်များသွန်၍ အပုပ်များဖယ်ရှားခြင်း၊ အရွယ်စုံမှ အလုံးကြီး၊ အလုံးလတ်၊ အလုံးသေးများ ရွေးချယ်ခြင်းများ ပြုလုပ်ပြီးမှ ပြန်လည်အိတ်သွတ်ရောင်းချနေသည်ကို မြင်တွေ့ရသည်။

အိတ်အတွင်း အာလူးတချို့ အစိုပြန်မှုမြင်တွေ့ရပြီး အရွယ်လွန်အလုံးကြီးများ များပြားစွာပါဝင် လာသည်ကို မြင်တွေ့ရသည်။ မတ်လ ၂၆ ရက်တွင် ဆင်ဖြူကျွန်းအာလူး လက်ကား တစ်ပိဿာ ၅၅၀-၆၃၀-၆၅၀-၆၅၀ ကျပ်နှုန်း ရှိသည်။ တရုတ်အာလူးအရိုင်း (အရွယ်အစား မခွဲခြားသေးမီ) တစ်ပိဿာလက်ကား ၅၅၀ ကျပ် ရှိသော်လည်း အရွယ်အစားခွဲခြားပြီးအရွယ်လွန် အာလူး (ရောမ အလုံးကြီးများ) တစ်ပိဿာ ၄၅၀ ကျပ်၊ အိုကေအရွယ် (အလုံးလတ်) တစ်ပိဿာ ၅၈၀ ကျပ်၊ အလုံးကြီးအက်စ်ဝမ်း ၆၀၀ ကျပ်နှုန်း အသီးသီးရှိသည်ဟု အာလူးဈေးကွက်မှ သိရသည်။ အိန္ဒိယ ဧရာတ်ရှည် လက်ကား တစ်ပိဿာလျှင် ၄၂၅၀ ကျပ်နှုန်းအထိ ဈေးမြင့်တက်လာသော်လည်း မြစ်ဝကျွန်းပေါ် ဧရာတ်ရှည်များ အထွက်လှိုင်လာပြီဖြစ်၍ ဈေးနှုန်းစတင်ကျဆင်းလာသည်။ မတ်လ ၁၉ ရက်တွင် အိမ်မဲဧရာတ်ရှည်အသစ် တစ်ပိဿာ ၄၀၀၀-၄၀၅၀ ကျပ်နှုန်းရှိခဲ့သော်လည်း မတ်လ ၂၆ ရက်တွင်မူ ၃၅၀၀-၃၆၀၀ ကျပ်နှုန်းသာ ဈေးနှုန်းကျလာသည်။

ပန်းတနော် ဧရာတ်အသစ် လက်ကားတစ်ပိဿာ ၃၅၀၀-၃၆၀၀ ကျပ်နှုန်း၊ မြစ်ဝကျွန်းပေါ် မိုးထောင်ဧရာတ် တစ်ပိဿာ ၃၇၀၀-၃၉၀၀ ကျပ်နှုန်းသာရှိသည်။ ဆင်ဖြူကျွန်းဧရာတ်ပွ လက်ကား တစ်ပိဿာ ၇၀၀၀-၇၅၀၀ ကျပ်၊ ဘီးလင်း ဧရာတ်ပွ တစ်ပိဿာ ၆၀၀၀-၇၀၀၀ ကျပ်နှုန်း ရှိသည်။ မြစ်ဝကျွန်းပေါ်ဒေသထွက်ဧရာတ်ရှည်အသစ်များကို လှောင်လက်များ စတင်ဝယ်ယူနေကြသည်ဖြစ်၍ ဈေးနှုန်းများကျလာခြင်းဖြစ်သည်။ ရှမ်းကြက်သွန်ဖြူအသစ်များ ရန်ကုန် ဈေးကွက်သို့ စတင်ဝင်ရောက်ပြီဖြစ်ရာ မတ်လ ၂၆ ရက်တွင် ထူး-၃ အရွယ် အစား လက်ကား တစ်ပိဿာ ၁၀၀၀ ကျပ်၊ ထူး-၄ အရွယ်အစား ၁၃၀၀ ကျပ်၊ ထူး-၅ အရွယ်အစား ၁၆၅၀ ကျပ်နှုန်းရှိသည်ဟုသိရသည်။ ရှမ်းကြက်သွန်ဖြူ အဟောင်းများ

မှာမူ ၆၀၀-၈၀၀-၁၂၀၀-၁၅၀၀ ကျပ်နှုန်းသာရှိသည်။

ရှမ်းကြက်သွန်ဖြူအသစ်များကို အချိန်နောက်ကျပြီးမှ တူးဖော်သဖြင့် အရည်အသွေး ပြည့်မီသည်ဟု သိရသည်။ စားအုန်းဆီ ဈေးနှုန်းမှာ မတ်လ ၂၁ ရက်တွင် လက်ကားတစ်ပိဿာ ၁၅၃၀ ကျပ်နှုန်းရှိရာမှ မတ်လ ၂၆ ရက်တွင် ၁၅၀၅ ကျပ်နှုန်းသာ ရှိသည်။ မတ်လ၂၆ ရက်တွင် ပြည်ပ စားအုန်းဆီ FOB တစ်တန်လျှင် ၅၃၅ ဒေါ်လာ၊ ပြည်ပ ပို့ကုန်ရငွေလဲနှုန်း ၁၅၂၂ ကျပ်၊ ပြင်ပငွေလဲနှုန်း ၁၅၁၁ ကျပ်၊ ဗဟိုဘဏ် ငွေလဲနှုန်း ၁၅၂၅ ကျပ်၊ ပြင်ပ ငွေလဲနှုန်း ၁၅၁၁ ကျပ်၊ ဗဟိုဘဏ် ငွေလဲနှုန်း ၁၅၂၅ ကျပ်ဖြင့် ဆိပ်ကမ်းရောက် တစ်ပိဿာ အရင်းဈေး ၁၅၂၃ ကျပ်ရှိပြီး ဆီထုတ်ယူခွင့် စာရွက် လက်ကား တစ်ပိဿာ ဈေးနှုန်း ၁၅၀၅ ကျပ်ရှိသည်။ မတ်လ ၂၅ ရက် နေ့စွဲဖြင့် ထုတ်ပြန်သော ပြည်ပမှ ဆီတင်သွင်းခွင့်ထောက်ခံချက်ထုတ်ပေးသည့် အသိပေးစာတွင် ကန်ဆီတင်သွင်းရန် လျှောင်ထားခြင်းမရှိဘဲ ထုပ်ပိုးပြီးဆီတန်ချိန် ၃၀၃၇ ဒသမ ၄၆ တန်ချိန်ကို ဆီတင်သွင်းသူကိုးဦးမှ လျှောက်ထားခြင်းရှိသည်ဟု သိရသည်။ မတ်လ ၂၆ ရက်တွင် မတ်ပဲ RC တစ်တန် ၆၆၉၀၀၀ကျပ်နှုန်းဖြင့် ကုန်သေတ္တာ အလုံးရေ ၈၀၊ SQ-RC တစ်တန် ၈၁၄၀၀၀ ကျပ်နှုန်း၊ ပဲစင်းငုံ (နီ) RC တစ်တန် ၇၃၅၀၀၀ ကျပ်နှုန်းသာရှိသည်။ ပြည်ပပို့ FOB ပဲဈေးနှုန်းမှာ မတ်လ ၂၆ ရက်တွင် မတ်ပဲ RC တစ်တန် (၂၀၁၉) ၄၅၀-၄၇၀ ဒေါ်လာ၊ (၂၀၁၉) SQ-RC တစ်တန် ၅၅၅-၅၇၅ ဒေါ်လာ၊ (၂၀၁၈) ၄၄၀-၄၆၀ ဒေါ်လာ၊ (၂၀၁၈) ၅၄၅-၅၆၅ ဒေါ်လာ၊ ပဲစင်းငုံ (နီ) RC (၂၀၁၉) ၅၅၀-၅၇၀ ဒေါ်လာ၊ (၂၀၁၈) ၄၉၀-၅၁၀ ဒေါ်လာနှုန်း အသီးသီးရှိသည်ဟုသိရသည်။

**Source:** www.thefarmermedia.com

## အိန္ဒိယမှ ဝယ်ယူလာခြင်းကြောင့် ပဲစင်းငုံဈေးနှုန်း အနည်းငယ်တက်၊ တရုတ်နိုင်ငံမှအဝယ်ရှိသဖြင့် နှမ်းဈေးနှုန်းလည်း မြင့်တက်လာ

မန္တလေးပဲမျိုးစုံဈေးကွက်တွင် ပဲစင်းငုံကုန်စည်မှာ ရန်ကုန်ဝယ်လက်များနှင့် အိန္ဒိယဝယ်ယူမှုများရှိနေခြင်းကြောင့် ဈေးနှုန်းမြင့်တက်လာပြီး နှမ်းကိုတရုတ်နိုင်ငံမှဝယ်ယူနေခြင်းကြောင့် ဈေးနှုန်းအနည်းငယ်မြင့်တက်လာသော်လည်း အခြား ပြည်ပပို့ကုန်စည်များမှာဈေးနှုန်းပြောင်းလဲမှုမရှိကြောင်း မန္တလေး ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော် အသင်းမှသိရသည်။

အိန္ဒိယနိုင်ငံမှ အရေအတွက်များများ ဝယ်ယူခြင်းမဟုတ်သော်လည်း အနည်းငယ်ပြန်လည်ဝယ်ယူနေခြင်းကြောင့် ယခင် သီတင်းပတ်မှစတင်ကာ ဈေးနှုန်းမြင့်တက်ခဲ့သည်။ ယခုသီတင်းပတ်တွင်လည်း ပဲစင်းငုံဈေးနှုန်းမှာ အနည်းငယ် ဆက်လက်မြင့်တက်နေသလို အရောင်းအဝယ်လည်းကောင်းမွန်လျက်ရှိသည်။ သုံးတင်းဝင်တစ်အိတ်လျှင် မတ်လ ၂၂ ရက်နေ့၌ ၈၀၀၀၀ ကျပ် ပေါက်ဈေးရှိနေရာမှ မတ်လ ၂၉ ရက် နေ့တွင် ၈၁၀၀၀-၈၂၀၀၀ ကျပ်သို့ မြင့်တက်လာသည်။ ယခု အခြေအနေအရ ပြည်တွင်း လှောင်လက်များတွင်လည်းပစ္စည်းလက်ကျန် ရှိနေသေးခြင်း၊ အိန္ဒိယနိုင်ငံမှလည်း သိသိသာသာဝယ်ယူမှုမဟုတ်ခြင်းကြောင့် အတက်၊ အကျပြောင်းလဲမှုမကြီးမားနိုင်ကြောင်းသိရသည်။ အိန္ဒိယနိုင်ငံမှ ရန်ကုန်ဝယ်လက်များထံက ဝယ်ယူနေသော်လည်း ပစ္စည်းအရည်အသွေးကောင်းများကိုသာ အနည်းငယ် ဝယ်ယူနေခြင်း ကြောင့် မန္တလေးဈေးကွက်အတွင်း ဈေးနှုန်းပြောင်းလဲမှု အနည်းငယ်သာရှိခဲ့သည်။ သုံးတင်းဝင် တစ်အိတ်လျှင် မတ်လ ၂၂ ရက်နေ့က ၇၃၀၀၀ ကျပ်အထိ အမြင့်ဆုံးဈေးရှိခဲ့ပြီး မတ်လ ၂၉ ရက်တွင်မူ ၇၂၀၀၀ ကျပ်မှ အနိမ့်ဆုံးဈေး ၆၅၀၀၀ ကျပ်ဖြင့် အရောင်းဖြစ်နေသည်။


ပြည်ပသို့တင်ပို့ရန် ဝယ်ယူနေသော်လည်း ပုံမှန်သာ ဝယ်ယူခြင်းမျိုးဖြစ်သောကြောင့် ဈေးနှုန်းပြောင်းလဲမှု မရှိပေ။ သို့သော်ပစ္စည်းအရည်အသွေးပေါ်မူတည်ကာ ဈေးနှုန်းအနည်းငယ် ပြောင်းလဲမှုရှိသည်။ သုံးတင်းဝင် တစ်အိတ်လျှင် မတ်လ ၂၂ ရက်၌ ကုလားပဲ (ထိုင်ဝမ်) ၈၃၅၀၀ ကျပ်မှ မတ်လ ၂၉ ရက်တွင် ၈၀၀၀၀-၈၅၀၀၀ ကျပ်သို့လည်းကောင်း၊ ကုလားပဲ (နိုင်းတူး နိုင်း) ၇၄၀၀၀-၇၅၀၀၀ ကျပ်မှ ၇၃၀၀၀-၇၅၀၀၀ ကျပ်အတွင်း အရောင်းအဝယ် ပြုလုပ်လျက်ရှိသည်။ ဝယ်ယူမှုရှိနေခြင်းကြောင့် ဈေးနှုန်းအကျဘက်သို့ ရောက်ရှိရန် မရှိသလိုမြင့်တက်ရန်လည်း မလွယ်ကူကြောင်းသိရသည်။ တရုတ်နိုင်ငံမှ ပုံမှန်ဝယ်ယူနေခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ပုံမှန်ဖြစ်နေသည်။ ဈေးနှုန်း မှာလည်း ပစ္စည်းအရည်အသွေးအလိုက် ဈေးနှုန်းပြောင်းလဲသည်မှလွဲပြီး အခြားပြောင်းလဲမှုမရှိပေ။ ပဲတီစိမ်းရွှေဝါ (ခရမ်း) သုံးတင်းဝင်တစ်အိတ်လျှင်မတ်လ ၂၂ ရက်တွင် ၁၂၅၄၀၀၀ ကျပ်ပေါက်ဈေးရှိနေရာမှ မတ်လ ၂၉ ရက်နေ့တွင် ပစ္စည်း အရည်အသွေးမကောင်းသည့်ပဲကများနေခြင်းကြောင့် အဖွင့်ဈေးအဖြစ် ၁၂၀၀၀၀ ကျပ်သို့ ကျဆင်းသွားသည်။ သို့သော် အရည်အသွေးကောင်းပဲများမှာမူ ယခင်သီတင်းပတ်ဈေးနှုန်းဖြင့်ပင် အရောင်းအဝယ်ပြုလုပ်လျက်ရှိသည်။

နမ်းနက်(စမုံ)မှာ တရုတ်နိုင်ငံမှ ပုံမှန်ဝယ်ယူနေခြင်းနှင့် ဈေးကွက်အတွင်း ပစ္စည်းရှားနေခြင်းကြောင့် မတ်လ ၂၂ ရက်နေ့တွင် သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၂၆၅၀၀၀ ကျပ်မှ မတ်လ ၂၉ ရက်နေ့တွင် ၂၇၀၀၀၀ ကျပ်သို့ မြင့်တက်လာခဲ့သည်။ ထို့ပြင် အဝယ်အနည်းငယ်ရှိသော နမ်းဖြူမှာလည်း ၁၇၅၀၀၀ ကျပ်မှ ၁၈၃၀၀၀ ကျပ်သို့ မြင့်တက်လာခဲ့သည်။ ပစ္စည်းမပေါခြင်းကြောင့် ယခုကဲ့သို့ ဈေးနှုန်းအပြောင်းအလဲဖြစ်ခြင်းဖြစ်ပြီး ဈေးနှုန်းဆက်လက်မြင့်တက်နိုင်ချေနည်းပါးကြောင်း ကုန်သည်များက ခန့်မှန်းသည်။

**Source:** www.thefarmermedia.com

## သရက်သီးတွေ အမှန်တကယ်ရင့်မှည့်မှသာ ခူးဆွတ်တင်ပို့ကြဖို့ ကုန်စည်ဒိုင်ထုတ်ပြန်

သည်နှစ် ပြည်ပကို သရက်သီးတင်ပို့တဲ့သူတွေအနေနဲ့ ပြီးခဲ့တဲ့နှစ်ကလို တင်ပို့ရမယ့် ရက်ကန့်သတ်မထားတော့ဘဲ အမှန်တကယ်ရင့်မှည့်ချိန်ကျမှသာ ခူးဆွတ်တင်ပို့ကြဖို့ မူဆယ်(၁၀၅) မိုင် သစ်သီးဝလံကုန်စည်ဒိုင်က ထုတ်ပြန်ကြေညာထားပါတယ်။ မြန်မာနိုင်ငံမှထွက်ရှိတဲ့ စိန်တလုံးသရက်သီးတွေဟာ အရည်အသွေးကောင်းမွန်ပြီး ရင့်မှည့်မှုမှန်ကန်ပါက အနံ့အရသာ အလွန်ကောင်းမွန်တဲ့ သစ်သီးအမျိုးအစားဖြစ်ပါတယ်။



တရုတ်နိုင်ငံမှလည်း တစ်နှစ်ပြီးတစ်နှစ် ကြိုက်နှစ်သက်မှုပိုမိုများပြားလာကာ ပိုမိုဝယ်ယူလာကြပါတယ်။ သည့်အတွက် စိန်တလုံးသရက်သီးတွေကို ရင့်မှည့်တဲ့အနေအထား မရောက်ဘဲ ခူးဆွတ်ရောင်းချပါ က မြန်မာ့စိန်တလုံးရဲ့ အလွန်ကောင်းမွန်တဲ့ အရည်အသွေးကောင်းတွေကို ထိခိုက်စေပြီး အနာဂတ်ဈေးကွက်ကိုပါ ထိခိုက်စေရုံသာမက နိုင်ငံရဲ့ဂုဏ်သိက္ခာပါ ကျဆင်းစေနိုင်တဲ့အတွက် စိန်တစ်လုံးသရက်သီးတွေကို ရင့်မှည့်တဲ့အနေအထားရောက်မှသာ ခူးဆွတ်တင်ပို့ကြဖို့ မူဆယ်(၁၀၅) မိုင် သစ်သီးဝလံကုန်စည်ဒိုင်မှ ထုတ်ပြန်ထားတာဖြစ်ပါတယ်။

ခွာညိုသစ်သီးပွဲရုံမှ ဦးစိုင်းခင်မောင်က အရင်နှစ်က အတွေ့အကြုံယူပြီးဖြေလျှော့လိုက်တာ၊ သူ တို့ ကို ဧပြီလ ၂၀ ရက်မှ နှစ်ဆန်း တစ်ရက်၊ အဲဒီလိုသတ်မှတ်လိုက်တော့ကြားထဲမှာ လေတွေမိုးတွေနဲ့ကြွေကျတော့ ထုတ်လုပ်သူပဲနစ်နာတာပဲလေ၊ အဲဒီအချိန်က လေမိုးတွေကလဲ စသောင်းကျန်းတဲ့ အချိန်၊ အခုလို အတွေ့အကြုံတွေကို တောင်သူတွေတွေ့ ကြုံရတဲ့ အခက်အခဲတွေရလာတယ်၊ ဒါနဲ့ဖြေလျှော့လိုက်တာပေါ့၊ အဆင်မပြေတော့လဲ ပြန်ပြောင်းလိုက်ရကြောင်းပြောပါတယ်။ ပြီးခဲ့နှစ် သရက်တင်ပို့တဲ့ရာသီမှာ တောင်သူတွေ၊ ကုန်သည်တွေက သရက်သီးတွေကို အစောဆုံးတင်ပို့ရင် ဈေးရလေ့ရှိတဲ့အတွက် မရင့်မှည့်တာတွေ တင်ပို့လာကြတာကြောင့် သစ်သီးကုန်စည်ဒိုင်ကနေ ဧပြီလ ၂၀ ရက်နေ့ နောက်ပိုင်းမှသာ စတင်တင်ပို့ကြဖို့ ပိတ်ပင်ခဲ့တာဖြစ်ပါ တယ်။ အခုလို မရင့်မှည့်ဘဲတင်ပို့တဲ့အတွက် ဈေးနှုန်းပိုင်းမှာ ထိခိုက်လာသလို ပစ္စည်းအရည်အသွေးကိုလည်း နိမ့်ကျစေတယ်လို့ သိရပါတယ်။ ဒါ့ကြောင့်လည်း သစ်သီးကုန်စည်ဒိုင်အနေနဲ့ တားမြစ်ခဲ့တာဖြစ်ပါတယ်။

မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ ဥက္ကဋ္ဌဦးကိုကိုက တချို့ရှေ့တိုးပေါ်အောင်လို့ စိုက်တာတွေရှိတယ်လေ၊ အဲဒီတော့ဆွေးနွေးပွဲတွေမှာ ရက်ကိုတော့မသတ်မှတ်နဲ့ ရင့်မှည့်အောင်တော့ ထားပေးပါလို့ပြောတာပေ့ါ၊ အဲဒါလဲ တကယ်တော့ဖောက်ပြန်တာက ခြံပိုင်ရှင်တောင်သူတွေမဟုတ်ပြန်ဘူး၊ သရက်ခြံတွေကို ကြိုဝယ်ထားတဲ့ ပွဲစားတွေဖြစ်နေပြန်ရောလို့ပြောပါတယ်။ မကြာခင်မှာ မြန်မာ့သရက်တွေကို တရုတ်ဈေးကွက်အပြင် တခြားပြည်ပဈေးကွက်တွေမှာပါ တင်ပို့ ရောင်းချကြတော့မှာ ဖြစ်ပါတယ်။ သည်နှစ်ရဲ့ဈေးကွက်ကိုကောင်းမယ်လို့သစ်သီးပွဲရုံအချို့က ခန့်မှန်းထားကြပါတယ်။ပြီးခဲ့တဲ့နှစ်မှစတင်ကာ တရုတ်ဘက်မှာ စိန်တလုံးသရက်သီးတွပေါ်ထွက်လာခဲ့ပြီး မြန်မာ့သရက်ဈေးကွက်ကို အထိုက်အလျောက်အဟန့်အတားဖြစ်စေခဲ့ပေမဲ့ အရသာပိုင်းမှာတော့ မြန်မာ့စိန်တလုံးကို မမီနိုင်သေးဘူးလို့လည်းသိရပါတယ်။ မြန်မာ့သရက်သီးတင်ပို့မှုအနေနဲ့ ပြီးခဲ့တဲ့နှစ်က ပြည်ပကို တန်ချိန် ၃၀,၀၀၀ ကျော် တင်ပို့နိုင်ခဲ့ပြီး သည်နှစ်မှတော့ လက်ရှိ အချိန်အထိ မူဆယ်ဈေးကွက်သို့ သရက်သီးအဝင်မရှိသေးဘူးလို့ သစ်သီးပွဲရုံ အချို့ဆီက သိရပါတယ်။

**Source:** https://www.kumudranews.com/news-32927

## မြန်မာ့ဆန်ကို နိုင်ငံခြား ကုန်သည်များဈေးနှိမ်ဝယ်ယူလာ

နိုင်ငံခြားဆန်ကုန်သည်များက မြန်မာဆန်ကို ဈေးနှိမ်ဝယ်ယူကြောင်း မြန်မာနိုင်ငံဆန် စပါးကုန်သည်အသင်း ဥက္ကဋ္ဌဦးအောင်သန်းဦးက ပြောသည်။ တရုတ်နှင့်အီးယူနိုင်ငံများက ဆန်အဝယ်လျော့နည်းသည့် အခြေအနေကို အသုံးချပြီး နိုင်ငံခြား ကုန်သည်များ က ဈေးနှိမ်ဝယ်ယူသည့် အခြေအနေနှင့် ကြုံတွေ့နေရကြောင်း ၎င်းကဆိုသည်။



နိုင်ငံခြား ကုန်သည်များသည် မြန်မာနိုင်ငံက ရောင်းချသည့် ၂၅ မှတ် (အကျိုးအကြေ ၂၅ ရာခိုင်နှုန်း) ဆန်တစ်တန်လျှင်၂၆၅ ဒေါ်လာခန့်ဖြင့် ဝယ်ယူသည်။ နိုင်ငံတကာ ဆန်ဈေးကွက်တွင် ထိုင်းနိုင်ငံမှ ၂၅ မှတ်ဆန် တစ်တန်လျှင် ၃၇၃ ဒေါ်လာ၊ဗီယက်နမ် ၂၅ မှတ် ဆန်တစ်တန်လျှင် ၃၃၃ ဒေါ်လာဈေးဖွင့်ရာ နိုင်ငံတကာ ဆန်ဈေးကွက်၌ ထိုင်း၊ ဗီယက်နမ်နိုင်ငံနှင့် နှိုင်းယှဉ်ပါက မြန်မာဆန် တစ်တန်၏ တန်ဖိုးသည် ၃၀ ရာခိုင်နှုန်းခန့် လျော့နည်းနေသည်။ ဆိုရှယ်မီဒီယာပေါ်မှာရေး နေတဲ့တချို့အချက်တွေက ဈေးကွက်ကို သတ်သလိုဖြစ်ပြီးဝယ်သူတွေရဲ့ နှိမ့်ချဝယ်ယူတဲ့ အခြေအနေကို ကြုံနေရတယ်ဟု ဦးအောင်သန်းဦးက ပြောသည်။

မြန်မာနိုင်ငံက ရောင်းချသည့် ဆန်တစ်တန်ဈေးနှုန်းက နိုင်ငံခြား ဆန်ကုန်သည်များ သတ်မှတ်သည့် ဈေးနှုန်းလောက် မနည်းကြောင်း ၎င်းက ရှင်းပြသည်။ "အသံကြောင့် ဖားသေတာမျိုးမဖြစ်အောင် ဝိုင်းဝန်းပြီးထိန်းဖို့လိုတယ်" ဟု ဧပြီ ၁ ရက် မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်အသင်း၌ ပြုလုပ်သော အစည်းအဝေးတွင် ဦးအောင်သန်းဦးက ဆန်ကုန်သည်များကို ပြောသည်။ တရုတ်နှင့် အီးယူနိုင်ငံများက ဝယ်လိုအားလျော့နည်းမှုကြောင့် ပြည်ပတင်ပို့နိုင်သည့် ဆန်ပမာဏသည် ၂၀၁၈ ဧပြီ ၁ ရက်နှင့် ၂၀၁၉ မတ်လ ၃၁ ရက်အထိ ဆန်တန်ချိန် ၂ ဒသမ ၃ သန်း ကျော်သာ တင်ပို့နိုင်ခဲ့သည်။ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်က စံချိန်တင် ဆန်တန်ချိန် ၃ ဒသမ ၆၈ သန်း တင်ပို့နိုင်ခဲ့သည်။ ထို့ ကြောင့် ပြည်တွင်း၌ ဆန်တန်ချိန် တစ်သန်းကျော် ကျန်ရှိနေသည်။

လက်ရှိ မြန်မာနိုင်ငံမှ ပြည်ပဆန်တင်ပို့နေသည့် အချိန်ဖြစ်ပြီး သင်္ကြန်မတိုင်မီ ဆန်တင်သင်္ဘောများ မြန်မာနိုင်ငံသို့ ဆက်တိုက်အဝင်ရှိနေကြောင်း ဆန်ကုန်သည်အချို့ကပြောသည်။ သင်္ကြန်မတိုင်မီမှာ ဆန်တန်ချိန် တစ်သိန်းကျော် လောက် သင်္ဘောတင်ဖို့ရှိနေတယ်။ အခုစပါးဈေးက ပြန်တက်မယ်လို့ထင်တယ်ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဦးမျိုးသူရအေးက ပြောသည်။ နိုင်ငံတကာဈေးကွက်တင် ဆန်ဈေးသည် အတက်ဘက်၌ရှိနေပြီး ယခုလအတွင်း တစ်တန်လျှင် ပျမ်းမျှငါးဒေါ်လာခန့် ဈေးပြန်တက်လာကြောင်း ၎င်းက ဆိုသည်။ ထိုအခြေအနေတွင် မြန်မာနိုင်ငံမှ ဆန်ဈေးက နိုင်ငံတကာဈေးကွက်၌ သက်သာနေခြင်းကြောင့် ဝယ်ယူလိုသူများနေကြောင်း ပြည်ပ ဆန်တင်ပို့သူအချို့ကပြောသည်။ လက်ရှိမြန်မာဆန်ကို အာဖရိကနိုင်ငံများသို့ အဓိကတင်ပို့နေပြီး အင်ဒိုနီးရှားနိုင်ငံသို့ ဆန်ကွဲများတင်ပို့နေသည်။ သင်္ကြန်မတိုင်မီ ပြည်ပသို့ တန်ချိန်နှစ်သောင်းကျော် တင်ဆောင်နိုင်သည့် ဆန်သင်္ဘောငါးစီးခန့် တင်ပို့ရန် ပြည်ပဆန်တင်ပို့သူများက စီစဉ်နေသည်။

**Source:** http://www.7daydaily.com/story/153592

## ၂၀၁၈ ခုနှစ်အတွင်း မြန်မာမှဥရောပသို့ ပို့ ကုန် ယူရို သန်း ၇၀၀ ကျော် တိုးတက်ခဲ့

မြန်မာနိုင်ငံမှ ဥရောပနိုင်ငံများသို့ တင်ပို့နေသည့် ပို့ကုန်တန်ဖိုးသည် ၂၀၁၈ ခုနှစ်အတွင်း ၂၀၁၇ ခုနှစ်ထက် ယူရို သန်း (၇၃၄) တိုးတက်ခဲ့ကြောင်း ဥရောပသမဂ္ဂ၏ စာရင်းများအရတွေ့ရသည်။ ဥရောပနိုင်ငံများသို့ မြန်မာနိုင်ငံမှ ၂၀၁၇ ခုနှစ်တွင် ယူရို သန်း (၁၅၆၁) ဖိုး တင်ပို့ထားခဲ့ပြီး ၂၀၁၈ ခုနှစ်တွင်မူ ယူရိုသန်း (၂၂၉၅) တန်ဖိုးအထိ တင်ပို့နိုင်ခဲ့ကြောင်းကို ဥရောပသမဂ္ဂ ဝက်ဘ်ဆိုက်ဒ်မှ ဖော်ပြထားသည်။ မြန်မာနိုင်ငံမှ ပို့ကုန်များတွင် အထည်အလိပ်၊ ဟင်းသီးဟင်းရွက်၊ ဖိနပ် ဦးထုပ်နှင့် အခြားပစ္စည်းများ၊ ပုလဲနှင့်တန်ဖိုးကြီးတွင်းထွက်သတ္တုများ ပါဝင်နေသည်။

၂၀၁၉ ခုနှစ်မှာ အလားတူမျိုးအခြေအနေကောင်းမလားဆိုတာ လက်ရှိမှာတော့ ဆန်မှာ ဆန်လုံးရှည်တစ်ခု GSP ဖြုတ်လိုက်တာပေါ့နော် ဖြုတ်လိုက်တဲ့အတွက်ကြောင့်မို့လို့ ဒီဟာတော့ကျသွားမယ်။ သို့သော်လည်း ကျန်တဲ့ အထည်ချုပ် တို့ ဆန်ကွဲတို့ရှိနေသေးတယ်ဆိုတော့ ဆက်တော့သွားနေတာပေါ့နော်။ ဆန်လုံးရှည်တင်ပို့မှုက ပမာဏ အများကြီး မဟုတ်ဘူး တန်ချိန်သုံးသိန်းလောက်မှာ တန်ချိန်လေးသောင်းကျော် ငါးသောင်းလောက်ပဲရှိတာပေါ့နော်။ အဲဒီတော့ ၂၀၁၉ မှာလည်း ဆက်ပြီးတင်ပို့သွားမယ်လို့မြင်ကြောင်း စီးပွားရေးလုပ်ငန်းရှင် ဒေါက်တာစိုးထွန်းကပြောသည်။

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် မြန်မာနိုင်ငံတို့ကုန်သွယ်မှုသမိုင်းတွင် ၂၀၁၅ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံမှ ပို့ကုန်များကို ဥရောပသမဂ္ဂထက် ပိုမိုတင်ပို့လာနိုင်ခဲ့ပြီး နှစ်စဉ်ပို့ကုန်တန်ဖိုးများ ၂၀၁၈ ခုနှစ်အထိ ဆက်တိုက်မြင့်တက်နေသည်ကို တွေ့ရသည်။ ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံမှ ပို့ကုန်တန်ဖိုး ယူရို (၆၈၂) သန်း ရှိရာမှ ၂၀၁၆ ခုနှစ်တွင် ပို့ကုန်တန်ဖိုး ယူရို (၉၉၆) သန်း၊ ၂၀၁၇ ခုနှစ်တွင် ယူရို (၁၅၆၀) သန်း၊ ၂၀၁၈ ခုနှစ်၌ ယူရို (၂၂၉၅) သန်း ရှိလာခဲ့ခြင်း ဖြစ်သည်။

**Source:** http://www.logisticsguide.com.mm/en/industry-news/export-import/1732-myanmar-exports-to-europe-have-increased-by-more-than-700-million-euros-in-2018.html

## အဆင့်မြင့် ထန်းသားပရိဘောဂများ ပြည်ပတင်ပို့နိုင်ရေး ပခုက္ကူစက်မှုဇုန်၌ သစ်အချောထည်စက်ရုံတည်ဆောက်လုပ်ကိုင်နေ



မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့စက်မှုဇုန်ရှိ ထန်းပရိဘောဂနှင့် သစ်အချောထည်စက်ရုံမှ ထန်းသားဖြင့် ပြုလုပ်သော အဆင့်မြင့်ပရိဘောဂ ပစ္စည်းများထုတ်လုပ်ကာ မြန်မာပြည်တွင်းနှင့် နိုင်ငံတကာတင်ပို့နိုင်ရေး ဆောင်ရွက်လုပ်ကိုင်နေကြောင်း စိန်စိုးစံထန်းပရိဘောဂနှင့် သစ်အချောထည်စက်ရုံ မန်နေဂျင်း ဒါရိုက်တာ ဦးကျော်နိုင်သန်းထံမှ သိရသည်။ ၂၀၁၆ ခုနှစ်မှာ ကျွန်တော် စက်ရုံ စတင် တည်ထောင်ခဲ့ပြီး ၂၀၁၇ ခုနှစ် ၁၀ လပိုင်းလောက်မှာ လုပ်ငန်းတွေ စတင် လည်ပတ်ခဲ့ပါတယ်။အဓိက ကတော့ ကျွန်တော်တို့နိုင်ငံမှာ သဘာဝအရင်းအမြစ်တွေ အများကြီးရှိတယ်။ အဲဒီ သဘာဝ အရင်းအမြစ်တွေကို တန်ဖိုးမြင့်ထုတ်ကုန် ပစ္စည်းတွေအဖြစ် ကြိုးစားထုတ်လုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တာဖြစ်ကြောင်း မန်နေဂျင်းဒါရိုက်တာ ဦးကျော်နိုင်သန်းက ပြောဆိုသည်။

ကုန်ကြမ်းအဖြစ် ပခုက္ကူခရိုင် ကျေးရွာများရှိ လေလွင့်ပျက်စီးနေသော ထန်းပင်များကိုသာ ဝယ်ယူခြင်းဖြစ်ကြောင်း၊ လက်ရှိဝယ်ယူနေသည့် ထန်းပင်များမှာ သက်တမ်း နှစ် ၅၀ ကျော်ပြီး ထန်းရည်ထုတ်လုပ်မှု မရရှိတော့သည့် အပင်များဖြစ်ကြောင်း၊ ထို့ကြောင့် ထန်းတောင်သူများအနေဖြင့် အလေအလွင့်ပစ္စည်းမှ ဝင်ငွေ ရရှိသကဲ့သို့ နိုင်ငံအတွက်လည်း လေလွင့်ပစ္စည်းအဖြစ်မှ တန်ဖိုးမြင့်ထုတ်ကုန်ဖြစ်လာခဲ့ကြောင်း ၎င်းက ဆက်လက် ရှင်းပြသည်။

ရင်းနှီးမြှုပ်နှံမှုအဆင့်ထက် ကျော်လွန်သော အဆင့်၌ရှိပြီး စက်ရုံတွင် အခြေခံဝန်ထမ်းမှအုပ်ချုပ်မှုအပိုင်းအထိ ဝန်ထမ်း ၁၃၅ ဦးခန့်ဖြင့် လည်ပတ်လုပ်ကိုင်နေကြောင်း၊ နိုင်ငံ့ဂုဏ်ဆောင်သည့် အဆင့်အထိဖြစ်အောင် ရည်မှန်းထားကာ လူသုံးကုန်ပစ္စည်းများနှင့်ပတ်သက်၍ နိုင်ငံတကာ FDA က လက်ခံနိုင်သော စံနှုန်းတစ်ခုဖြစ်အောင် ဂျပန်နိုင်ငံကုမ္ပဏီမှ ကော်များကို အသုံးပြုရေး ဆက်သွယ်ကမ်းလှမ်းထားကြောင်းသိရသည်။

ထန်းလုံးကုန်ကြမ်းတွေ စက်ရုံထဲရောက်လာ ရင် ဗီယက်နမ်နိုင်ငံထုတ် ခေတ်မီစက်ကြီးတွေနဲ့ စတင်ခွဲစိတ်ရတယ်။ ခွဲစိတ်ပြီးထန်းသားတွေကို High Speeds သုံးလွှကြီးတွေနဲ့ အဆင့်ဆင့် ထပ်မံခွဲစိတ်ရပါတယ်။ လိုအပ်တဲ့ အပိုင်းတွေဖြတ်တောက်ပြီး ပေါင်းခံစက်ကြီးတွေ ထဲက ဘွိုင်လာကြီးတွေနဲ့ ပေါင်းခံပါတယ်။ ဘွိုင်လာကြီး တွေက Auto စနစ်နဲ့ အပူရှိန်ထိန်းညှိပြီးမောင်းတယ်။ အဲဒီဘွိုင်လာကြီးတွေက ခေတ်မီဘွိုင်လာကြီးတွေ ဖြစ်တဲ့ အတွက် မီးခိုးမထွက်ဘူး။ ပတ်ဝန်းကျင်ကိုလည်းမထိခိုက်ပါဘူး" ဟု စိန်စိုးစံ ထန်းပရိဘောဂနှင့် သစ်အချောထည် စက်ရုံမှ ထုတ်လုပ်ရေးတာဝန်ခံဦးဆန်းဝင်းက ပြောဆိုသည်။

ယခုလက်ရှိ စက်ရုံမှ ထန်းသားဖြင့်ထုတ်လုပ်သော နဂါးဆက်တီ၊ ပန်းဆက်တီ၊ EU ဆက်တီ၊ ကျောကော့ဆက်တီ၊ ပွတ်လုံးဆက်တီ၊ ရိုးရိုးဆက်တီ၊ ပွတ်လုံးကုလားထိုင်၊ ကျောကော့ကုလားထိုင်၊ သပိတ်၊ ကလပ်၊ ရေနွေးအိုး(အစုံ)၊ ပန်းအိုးမျိုးစုံ၊ ဆေးလိပ်ခံခွက်၊ ဝိုင်သောက်ခွက်၊ ထိုင်ခုံစသည့်ပစ္စည်းများအပြင်

ကျွန်းနှင့်ထန်းရောထားသည့် တံခါးချပ်များလည်း ထုတ်လုပ်လျက်ရှိကြောင်းသိရသည်။
**Source:** https://myanmar.mmtimes.com/news/121934.html

## မြေပဲဆန်များ တရုတ်နိုင်ငံသို့ တင်ပို့မှုများသဖြင့် ပြည်တွင်းဆီစက်များ၌ ကုန်ကြမ်းရှားပါးနေ



ယခုနှစ်တွင် ပြည်တွင်းမှထွက်ရှိသော မြေပဲဆန်များကို တရုတ် နိုင်ငံသို့ တင်ပို့နေသဖြင့် ဈေးကောင်းရရှိနေပြီး ဆီစက်များ၌ ကုန်ကြမ်း ရှားပါးနေကြောင်း သိရသည်။ လတ်တလောတွင် အရည်အသွေးကောင်းမွန်သော မြေပဲများကို တရုတ်နိုင်ငံက ကြိုက်နှစ်သက်၍ ဝယ်ယူနေသောကြောင့် ဈေးကွက်အတွင်း ကုန်ကြမ်းရှားပါးမှုများနှင့် တွေ့ကြုံနေရကာ မြေပဲဆန် တစ်ပိဿာလျှင် ငွေကျပ် ၂၇၀၀ မှ ၂၉၀၀ အထိ ဈေးနှုန်း ရှိပြီး ယမန်နှစ်ကထက် ၅ ရာခိုင်နှုန်း အထိ ဈေးနှုန်းမြင့်တက် လာကြောင်းသိရသည်။

လတ်တလောတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်တို့၌ မြေပဲများစတင်ထွက်ရှိနေပြီး အရည်အသွေးကောင်းမွန်သော ဝေါမြို့နယ်မှ မြေပဲများကို မြင်းခြံ၊ အောင်လံ စသည့်ဒေသတို့မှ လာရောက်ဝယ်ယူလျက်ရှိသည်။

တရုတ်နိုင်ငံမှ ဝယ်လိုအားများနေသည့်အပြင် ပြည်တွင်းလိုအပ်ချက်များလည်း ရှိနေသောကြောင့် မြေပဲဆန် ဈေးနှုန်းများ ကျဆင်းဖွယ်မရှိကြောင်း၊ ပြည်တွင်းစားသုံးသူများသည် ကျန်းမာရေးဗဟုသုတနည်းပါး၍ ဈေးနှုန်း နည်းပါးသည့် စားသုံးဆီနှင့် ဓာတုအနံ့ရောနှောဆီများကို ဝယ်ယူမှုပိုမိုများပြားသောကြောင့် ပြည်တွင်းပဲဆီ ဈေးကွက်ပျက်စီးကာ ပြည်တွင်းရှိ ဆီစက် ၉၀ ရာခိုင်နှုန်းခန့် ရပ်နားထားရကြောင်းသိရသည်။
https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1815-peanuts.html

## တောင်ကြီးမြို့၊ ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာန၌ Workshop on Making an Export Plan အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်း




ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ကမ္ဘောဇ ကုန်သွယ်မှုဗဟိုဌာန၌ (၂၈.၃.၂၀၁၉ မှ ၂၉.၃.၂၀၁၉) ရက်နေ့ အထိ ဂျာမနီပူးပေါင်း ဆောင်ရွက်ရေး(GIZ) Private Sector Development စီမံကိန်း၏ ကူညီ ပံ့ပိုးမှုဖြင့် " Workshop on Making an Export Plan " ခေါင်းစဉ်ဖြင့် အလုပ်ရုံ ဆွေးနွေးပွဲကို (၂) ရက်တိုင် ကျင်းပြုလုပ်ခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ တောင်ကြီး၊ ပင်းတယ၊ ရွှာင်၊ ဟဲပိုးတို့မှ ချင်း၊ လက်ဖက်၊ သရက်၊ ထောပတ်၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများနှင့် လုပ်ငန်းရှင်စုစုပေါင်း (၂၁)ဦး ခန့် တက်ရောက်ခဲ့ကြပြီး GIZ မှ တာဝန်ခံ ဒေါ်သူဇာကြွယ်မှ ၎င်းသို့ဆောင်ရွက်နေသည့် စီမံကိန်းအကြောင်းကို ရှင်းလင်းပြောကြားခြင်း၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြတ်မြတ်စိုးမိုးမှ Myantrade ၏ ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ ပြည်ပနိုင်ငံများတွင် စီးပွားရေးသံမှူးများထားရှိပြီး

ဈေးကွက် သတင်းအချက်အလက်များ အခြားကုန်သွယ်မှုနှင့် သက်ဆိုင်သည့်ကိစ္စများ ဆောင်ရွက်နေသည်များကို ရှင်းလင်းပြောကြားခြင်း၊ မြန်မာကုန်သွယ်မဗဟိုဌာနမှ ဦးကောင်းထွဋ်အောင်က Making an Export Plan ခေါင်းစဉ်ဖြင့် ထုတ်ကုန် အသီးသီး၏ ကမ္ဘာ့ဈေးကွက်အခြေအနေ၊ ပြည်ပတို့တင်ပို့ခြင်းအတွက် နိုင်ငံအလိုက် ချမှတ်ထားသည့် ကုန်သွယ်မှုစည်းမျဉ်းစည်းကမ်းများ၊ ဥရောပဈေးကွက်သို့တင်ပို့မည့် သရက်သီး၊ ထောပတ်သီးနှင့် အခြားသီးနှံများ၏ ဈေးကွက်အခြေအနေ၊ စည်းမျဉ်းစည်းကမ်းနှင့် ကင်းလွတ်ခွင့်များအကြောင်းကို အသေးစိတ်ပို့ချဆွေးနွေးခဲ့ပါသည်။ သင်တန်းအချိန်အတွင်း ပို့ကုန် လုပ်ငန်းရှင်များအတွက် အရေးပါသည့်ပို့ကုန်စီမံကိန်း (Export Plan) ကို အပိုင်းလိုက်ဆွေးနွေးပို့ချပြီး ကိုယ်တိုင်ရေးဆွဲစေခဲ့သည့်အတွက် သင်တန်းပြီးဆုံးသည်နှင့် တက်ရောက်လာသူ အသီးသီးတွင် ကိုယ်တိုင် ရေးဆွဲထားသည့် ပို့ကုန်စီမံကိန်း(မူကြမ်း) များပိုင်ဆိုင်သွားခဲ့ကြကြောင်းနှင့် အဆိုပါ Export Plan သည် ၎င်းတို့ရှေ့ဆက်ဆောင်ရွက်မည့် ပို့ကုန်လုပ်ငန်းများအတွက် များစွာအထောက်အကူပြုကြောင်းသိရပါ သည်။

**Source: KBZ Trade Center**

## STOCK EXCHANGE (2.4.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 2nd Apr. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +0 | +0.00% | 8,700 | 8,700 | 8,700 | 911 | 7,925,700 | 27,112,747 | 235,881 |
| MTSH | 00002 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,800 | 10,355 | 29,506,750 | 38,929,150 | 110,948 |
| MCB | 00003 | 7,100 | +0 | +0.00% | 7,100 | 7,100 | 7,100 | 5 | 35,500 | 10,400,986 | 73,847 |
| FPB | 00004 | 21,000 | +500 | +2.44% | 21,000 | 21,000 | 21,000 | 3 | 63,000 | 2,472,053 | 51,913 |
| TMH | 00005 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 2 | 5,300 | 12,212,906 | 32,364 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 369.86 | +0.90 | +0.24% | 369.86 | 369.86 | 369.86 | 11,276 | 37,536,250 | 5 | 504,953 |


**Index chart**



# Market Overview

As of 1:00 pm, 2nd Apr. 2019

| MYANPIX | 369.86 ▲ 0.90 |
|---|---|
| Total Volume (shares) | 11,276 |
| Total Value (MMK) | 38 mil |
| Listed Company | 5 |
| Market Cap. (MMK) | 504,953 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 0 |
| MTSH | 00002 | 2,850 | ▲ 0 |
| MCB | 00003 | 7,100 | ▲ 0 |
| FPB | 00004 | 21,000 | ▲ 500 |
| TMH | 00005 | 2,650 | ▲ 0 |

TIR